# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၃၅)
# လျှောက်သင့်တဲ့ လမ်းကြောင်းနှစ်သွယ်

နအဖ က သူ့ရဲ့ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဇွတ်အတင်းအတည်ပြုလိုက်ပြီးတဲ့ နောက်မှာ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနဲ့ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးကို ဦးတည်လှုပ်ရှားနေကြတဲ့ ပြည်သူတွေ၊ နိုင်ငံရေး ပါတီတွေ၊ လူထုအသင်းအဖွဲ့တွေရှေ့ကို ဘယ်လိုဆက်ကြမယ် ဆိုတဲ့အပေါ်မှာ လေ့လာဆွေးနွေးမှုတွေ၊ သဘောထားအမြင် ဖလှယ်မှုတွေ ဆက်လက်အားကောင်းနေဆဲ ဖြစ်ပါတယ်။ ဒါဟာ ကြိုဆိုသင့်တဲ့အရာပါဘဲ။ ဒါပေမယ့် တွေဝေတာမျိုး၊ ဘာဆက်လုပ်လို့လုပ်ရမှန်း မသိတော့တာမျိုး မဖြစ်သင့်ဘူး လို့ယူဆပါတယ်။ အတွေးရှင်းရှင်း တွေးနိုင်ရင် အလုပ်လည်း ရှင်းရှင်းလုပ်နိုင်မယ့်အခြေအနေမျိုးပါ။

နာဂစ် ဖွဲ့စည်းပုံကို အတင်းအကြပ်အတည်ပြုလိုက်နိုင်တဲ့ အတွက် နအဖဟာ တကွက်နိုင်သွားပြီလို့တွက်ကြရင် တွက်သူတွေ တက်တက်စင်မှားသွားပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံရေးအရရော ဥပဒေအရပါ လွဲချော်တဲ့ အမှားကြီးတခုကို နအဖ ကျူးလွန်လိုက်လို့ဖြစ်ပါတယ်။ နအဖ အနေနဲ့ကတော့ မဆလခေတ်တုံးက ၁၉၇၄ ခုနှစ်ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ဇွတ်အတင်းအတည် ပြုပြီး အုပ်ချုပ်သွားလို့ ရခဲ့သလိုမျိုး ဖြစ်စေခြင်လို့ လှမ်းတဲ့ခြေလှမ်းပါဘဲ။ ဒီလို မဖြစ်နိုင်တော့ဘူးဆိုတာကို အောက်ပါအချက်တွေနဲ့ တင်ပြလိုပါတယ်။

(၁) မြန်မာနိုင်ငံမှာ ၁၉၇၃ ခုနှစ် အချိန်လောက်အထိ နိုင်ငံရေးခေါင်းဆောင်အများစု နဲ့ လူထု အများစုကြီးဟာဆိုရှယ်လစ် စနစ်အပေါ်အကောင်းမြင်တာ၊ မျှော်မှန်းချက်ထားတာတွေ ရှိခဲ့တယ်။ ဒါကြောင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ဆိုရှယ်လစ် ဖွဲ့စည်းပုံအဖြစ် ရှုမြင်ပြီး နိုင်ငံရေးအရထောက်ခဲ့သူတွေရဲ့အရေအတွက်ဟာလဲ မနည်းခဲ့ဘူး။ အခု နအဖရဲ့နာဂစ် ဖွဲ့စည်းပုံကို လူထုက နိုင်ငံရေးအရ ထောက်ခံနိုင်တဲ့ အကွက်တကွက်မှ မရှိဘူး။

(၂) ထိုစဉ်တုံးက ဥပဒေအပြင်ကို ထွက်ပြီး လက်နက်ကိုင်တိုက်ပွဲဝင်နေတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီကလွဲရင်ပြည်တွင်းမှာ ကြီးမားတဲ့ အတိုက်အခံပါတီဆိုတာ မရှိဘူး။ အခု ကမ္ဘာကသိတဲ့ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရှိနေပြီ။

(၃) ထိုစဉ်တုံးက နိုင်ငံရေး လှုပ်ရှားမှုတွေဟာ ပြည်တွင်းမှာသာ အခြေခံနိုင်ခဲ့တယ်။ ပြည်တွင်းနိုင်ငံရေးကို ထိမ်းချုပ်ထားနိုင်ရင် တိုင်းပြည်ကို ငြိမ်အောင်ကိုင်ထားလို့ရတယ်။ အခုအချိန်မှာ ခေတ်ပြောင်းနေပြီ။ ကမ္ဘာတခွင် ဆက်သွယ်ဆောင်ရွက်တဲ့ ခေတ်ရောက်နေပြီ။ ဆက်သွယ်မှု နည်းပညာတွေ တိုးတက်ဖွံ့ဖြိုးတဲ့ ခေတ်ရောက်နေပြီ။

(၄) ထိုစဉ်တုံးက မြန်မာနိုင်ငံရဲ့အရေးကို နိုင်ငံတကာရဲ့စိတ်ဝင်စားမှုဟာ ပြောပလောက်အောင် မရှိခဲ့ဘူး။ အခုအချိန်မှာ မြန်မာနိုင်ငံအရေးဟာ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ရောက်နေပြီ။ ကုလသမဂ္ဂလုံခြုံရေး ကောင်စီကနေ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးကို လွှဲပြောင်းပေးအပ်ဘို့ ဥရောပသမဂ္ဂက တိုက်တွန်းသွားမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ချတဲ့အဆင့်ကို ရောက်နေပြီ။

(၅) ထိုစဉ်တုံးက (၁၉၄၈ နှင့် ၁၉၆၂ ခုနှစ်အကြား) ဒီမိုကရေစီအစိုးရခေတ်မှာ စုဆောင်းရှာမှီးထားတဲ့ ရွှေပုံကြီးကို သုံးစွဲလို့မကုန်သေးဘူး။ လူထုအနေနဲ့လည်း ခေတ်ကောင်းတုံးက ရှိထားတဲ့ စီးပွားရေးကလေးကို ဆက်လိမ့်လို့ ရနေသေးတယ်။ အခုအချိန်မှာတော့ ပြောင်းပြန်ဖြစ်သွားပြီ။ နအဖ မှာလည်း သဘာဝဓါတ်ငွေ့ရောင်းရတဲ့ ငွေတွေ ကို သူ့အုပ်ချုပ်ရေး ယန္တယားလည်ပတ်ရေးအတွက် လောက်ငအောင်တောင် မနည်းသုံးစွဲနေရတယ်။ နေပြည်တော်ကြီး ဆောက်လိုက်တဲ့အခါမှာ ပိုဆိုးသွားပြီး လူထုအတွက် ဘာတခုမှ ဟုတ္တိပတ္တိ သုံးစွဲနိုင်ခြင်းမရှိဘူး။ လူထု ရဲ့စီးပွားရေးဟာ ဖြူခါပြာခါကျသွားပြီ။ မကျေနပ်မှုတွေ တိုးလာဘို့သာ ရှိတယ်။ လျော့ဘို့မရှိဘူး။

ဒီလို အခြေအနေအောက်မှာ နအဖ ဟာ သူ့ရဲ့ နာဂစ်ဖွဲ့စည်းပုံကြီးကို အတင်းအကြပ်အတည်ပြုလိုက်တဲ့ အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့်ကိုဘဲ သူကိုယ်တိုင်ကိုပြန်ပြီး အကြီးအကျယ် အကြပ်ရိုက်စေမယ့် အကြောင်း အချက်အမြောက်အများ အနက်က တချို့ကို တင်ပြလိုပါတယ်။

၁။ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ် မေလ (၁၀) ရက်နေ့ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပလို့ အတည်ပြု

ခဲ့တယ်။ ဒီ ဖွဲ့စည်းပုံအတည်ဖြစ်သွားပြီလို့နအဖ က ကြေငြာခဲ့ပြီးပြီ။ ပုဒ်မ (၄၄၁) အရ ဆိုရင် ဖွဲ့စည်းပုံဟာ ပထမ အကြိမ်ပြည်သူ့လွှတ်တော် အစည်းအဝေးကျင်းပတဲ့နေ့ကစလို့ အာဏာတည်သွားမယ်။ အတည်ပြုလိုက်တဲ့ အချိန်ကစလို့ အာဏာသက်ရောက်တဲ့ အချိန်အထိ ကြားကာလအတွင်းမှာ နအဖ လုပ်ဆောင်မယ့် ကိစ္စတွေ မှန်သမျှ ဘာပြစ်မှုနဲ့မှ အရေးယူလို့မရအောင် ကိုယ့်ကိုယ်ကို လွှတ်ငြိမ်းချမ်းသာခွင့် ပေးထားတဲ့ ပြဋ္ဌာန်းချက်ကို ပုဒ်မ (၄၄၅) မှာ ဖေါ်ပြထားတယ်။ တနည်းအားဖြင့် ပြောရရင် ဖွဲ့စည်းပုံအခြေခံဥပဒေက နအဖကို တရားဝင် လူသတ်လိုင်စင်ပေးထားတဲ့ သဘောသက်ရောက်တယ်။ ဒီ ပြဋ္ဌာန်းချက်ရဲ့ အနှစ်သာရကို ပြည်တွင်းက လူထုရော၊ နိုင်ငံတကာက ပါပိုပြီး သိရှိလာရင် ဒီလိုမျိုးပြဋ္ဌာန်းချက်တွေနဲ့ စုဖွဲ့ထားတဲ့ နာဂစ်ဖွဲ့စည်းပုံကို လက်မခံနိုင်တဲ့ လှုပ်ရှားမှုတွေ ပေါ်လာနိုင်တယ်။

၂။ အခန်း (၁၀) နိုင်ငံရေးပါတီများ အခန်းပုဒ်မ (၄၀၄) မှာ နိုင်ငံရေးပါတီတရပ်သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တန့် ခိုင်မြဲရေးတို့ကို ဦးတည်ချက်အဖြစ်ထားရှိရမည် ဆိုပြီး ပြဋ္ဌာန်းထားတယ်။ နိုင်ငံရေးပါတီတွေမှန်သမျှဟာယူနီဖေါင်း ဝတ်ထားသလို တူညီတဲ့ ဦးတည်ချက်တွေ ချမှတ်ထားရမယ်ဆိုတာ ဘယ်တိုင်းပြည်မှာမှ လက်တွေ့မဖြစ်နိုင်တဲ့ ကိစ္စပါဘဲ။ဒီ ပြဋ္ဌာန်းချက်ကို လက်တွေ့အကောင် အထည်ဖေါ်ဘို့ အတင်းအကြပ်ကြိုးစားရင် နအဖဟာ နိုင်ငံရေးပါတီတွေနဲ့ ထိပ်တိုက်တွေ့မယ်။ လက်တွေ့အကောင်အထည်မဖေါ်ဘဲ နိုင်ငံရေးပါတီတွေ ကြိုက်နှစ်သက်တဲ့ ဦးတည်ချက်တွေကို ဖေါ်ပြခွင့်၊ ရပ်တည်ခွင့် ပေးထားပြန်ရင်လည်း ဖွဲ့စည်းပုံနဲ့ဆန့်ကျင်နေပြီ ဆိုပြီးကန့်ကွက်တဲ့ လှုပ်ရှားမှုတွေ ရှိလာနိုင်တယ်။

၃။ အပစ်အခတ်ရပ်စဲရေး လုပ်ထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ စနစ်တကျအသွင်ကူးပြောင်းသွားရေး ကိစ္စကို နာဂစ်ဖွဲ့စည်းပုံထဲမှာ ဘာမှ ပြဋ္ဌာန်းမထားဘူး။ ပုဒ်မ (၃၃၈) မှာ နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင် အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် ရှိရမည် ဆိုတဲ့ ပြဋ္ဌာန်းချက်ဘဲ ပါရှိတယ်၊ ဖွဲ့စည်းပုံပေါ်လာပြီဖြစ်တဲ့ အတွက် ဒီ ပြဋ္ဌာန်းချက်ကို လက်တွေ့အကောင်အထည်ဖေါ်ရတော့မယ်။ ဒီတော့ အပစ်အခတ်ရပ်စဲရေး လုပ်ထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ဒီဖွဲ့စည်းပုံနဲ့အညီ ကိုင်တွယ်ရတော့မယ်။ ဖွဲ့စည်းပုံနဲ့အညီ တပ်မတော်ရဲ့ကွပ်ကဲမှုအောက်ထဲကို လက်တွေ့ကို ထည့်ဘို့ကြိုးစားရတော့မယ်။

အပစ်အခတ်ရပ်စဲရေး လုပ်ထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ အမြောက်အများ ရှိနေတယ်။ သူတို့ကိုကိုင်တွယ်ဘို့ ကြိုးစားတဲ့အခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရှိလာပြီဖြစ်တဲ့အတွက် တပြေးညီကိုင်တွယ်ရတော့မှာဖြစ် တယ်။ အခုလုပ်နေသလို ဟိုတဖွဲ့ကို ဟိုလို ကိုင်တွယ်၊ သည်တဖွဲ့ကို သည်လို ကိုင်တွယ် လုပ်လို့မရတော့ဘူး။ ဖွဲ့စည်းပုံကို ကိုးကားပြီး ဥပဒေတရပ်ထပ်မံပြဋ္ဌာန်း၊ တပြေးညီကိုင်တွယ်ရတော့မှာဖြစ်တယ်။ ဖျက်ဆိုရင် အားလုံး ဖျက်ကြရမယ်။ အသွင်ပြောင်းဆိုရင် အားလုံးပြောင်းကြရမယ်။ တဆင့်ခံကွပ်ကဲမှုအောက်မှာထားဆိုရင် အားလုံး ထားကြရမယ်။ တချို့ကို ဖျက်၊ တချို့ကို ဆက်ထား၊ တချို့ကို အသွင်ပြောင်း တာမျိုးလုပ်လို့မရတော့ဘူး။

ယနေ့မြန်မာနိုင်ငံမှာ တိုင်းရင်းသားတွေထဲမှာ အကြီးဆုံးလက်နက်ကိုင်တပ်ဖွဲ့ဟာ ဝ တပ်ဖွဲ့ ဖြစ်ပါ တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ ဘာအာမခံချက်မှ မရှိဘဲ သူ့တပ်ဖွဲ့ကို ဖျက်ပါလို့ပြောရင် ဝ က လိုက်နာ လိမ့်မယ်လို့မယူဆဘူး။ ဝ တပ်ဖွဲ့တွေကို အမိန့်ပေးလို့မရဘဲနဲ့၊ ကျန်တဲ့ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့တွေကို ဖျက်ပါလို့ ဖိအားပေးလို့မရနိုင်ဘူး။ တချို့ကို တည်ရှိခွင့်ပေး တချို့ကို ဖျက်သိမ်းတာမျိုးလုပ်ရင် ဖွဲ့စည်းပုံကိုကိုင်ပြီး ဆန့်ကျင်လှုပ်ရှားတာတွေ ရှိလာနိုင်တယ်။ ပြန်လည်တိုက်ပွဲဝင်တာတွေ ဖြစ်လာနိုင်တယ်။

၄။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေကို အသုံးပြုခဲ့စဉ်တုံးက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ရှိနေခဲ့တယ်။ နိုင်ငံရေးပါတီ ပုံစံမျိုးနဲ့ဖွဲ့စည်းထားခဲ့တယ်။ ဒါကြောင့် မဆလ ဟာ ၁၉၇၄ ဖွဲ့စည်းပုံအောက်မှာ သာသာကလေး ဝင်ပြီးရွှေးကောက်ခံတယ် ဆိုတဲ့ ပုံစံနဲ့လည်ပတ်နိုင်ခဲ့တယ်။ အခုရှိနေတဲ့ကြံ့ဖွံ့ ဟာ နိုင်ငံရေးပါတီ မဟုတ်ဘူး။ ဝန်ထမ်းတွေ

ကို အဓိက အားပြုပြီး ဖွဲ့စည်းထားတဲ့ လက်ကိုင်တုတ် အဖွဲ့အစည်းတရပ်သာဖြစ်တယ်။ ကြံ့ဖွံ့ကို နိုင်ငံရေးပါတီ အသွင်ပြောင်းမယ်ဆိုရင် လက်ရှိခေါင်းဆောင်မှုနေရာမှာ ယူထားတဲ့ နိုင်ငံ၀န်ထမ်းတွေဟာ နာခစ်ဖွဲ့စည်းပုံ ပုဒ်မ ၁၂၁ (ည)အရ အရွေးခံခွင့်ရှိမှာ မဟုတ်ဘူး။ ကြံ့ဖွံ့ကို ခေါင်းဆောင်နေတဲ့ ဗိုလ်ချုပ်တွေလည်း ၀င်ပြီး အရွေးခံခွင့် ရှိမှာ မဟုတ်ဘူး။ ဒါကြောင့် ကြံ့ဖွံ့ကိုယ်စား၀င်ပြီး အရွေးခံဘို့လူ၀တ်လဲပေးရမယ့် ဗိုလ်ချုပ်တွေနဲ့ တပ်မတော်မှာ ဆက်ပြီး တာ၀န်ယူမယ့် ဗိုလ်ချုပ်တွေ အကြားမှာ မကြေလည်မှုတွေ ရှိလာနိုင်တယ်။ ကြံ့ဖွံ့ကို ဦးဆောင်နေ သူ တွေ နဲ့တပ်မတော်ကို ဦးဆောင်နေသူတွေ အကြားမှာ၊ အားပြိုင်မှုတွေ၊ ပြသနာတွေ ဖြစ်လာနိုင်တယ်။

၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံကို လက်တွေ့ကျင့်သုံးတဲ့အခါမှာ အထက်မှာ တင်ပြခဲ့တဲ့ ပြသနာတွေ အပါ အ၀င် နောက်ထပ် ပြသနာပေါင်း တသောင်းခြောက်ထောင် ပေါ်ပေါက်လာမှာ အမှန်ပါဘဲ။

ရွေးစရာလမ်းက နှစ်သွယ်ဘဲ ရှိပါတယ်။

နအဖရဲ့ နာဂစ်ဖွဲ့စည်းပုံလမ်းကြောင်း အတိုင်းမြှောလိုက်သွားပြီး လှုပ်ရှားဘို့စဉ်းစားမလား။ ဖွဲ့စည်းပုံအ ခြေခံဥပဒေရဲ့ဘောင် အပြင်ဘက်ကနေထွက်ရပ်ပြီး ဥပဒေကြောင်းအရရော အခြားနည်းလမ်းများနဲ့ပါ တိုက်ပွဲ၀င် သွားမလား။

ဖွဲ့စည်းပုံလမ်းကြောင်း အတိုင်းမြှောလိုက်သွား၊ ရွေးကောက်ပွဲ၀င်ပြီး နိုင်ငံရေးကစားဘို့ စဉ်းစားရင် လူထု အတွက် လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ တရားမျှတမှုနဲ့ တိုးတက်ဖွံ့ဖြိုးမှုတွေ လုပ်နိုင်ဘို့ အခွင့်အလန်း ဘာမှမရမှာ အသေအချာပါဘဲ။ နိုင်ငံရေး အတိုက်အခံရှိတယ်ဆိုတဲ့ အနေအထားမျိုးနဲ့ ရုပ်ပြအဖြစ် အသုံးချခံရရုံကလွဲလို့ ဘာမှ အကျိုးရှိနိုင်ဘို့မမြင်ဘူး။ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်အောင် ၀င်ရောက်အလုပ်အကျွေးပြုတဲ့ အဆင့်လောက် ဘဲ ရှိပါလိမ့်မယ်။

ဒါကြောင့် လျှောက်သင့်တဲ့ လမ်းကြောင်းကတော့ နအဖရဲ့ နာဂစ်ဖွဲ့စည်းပုံကို လုံး၀ပယ်ချ၊ ၂၀၁၀ ရွေး ကောက်ပွဲရဲ့ တရား၀င်မှုကို စိမ်ခေါ်၊ နာဂစ် ဖွဲ့စည်းပုံကို ရည်ညွှန်းပြီး ဖွဲ့စည်းပေါ်ပေါက်လာမယ့် အစိုးရမှန်သမျှကို ပြတ်ပြတ် သားသားဆန့်ကျင်၊ အဲဒါ တွေကို ဖေါ်ဆောင်သွားရုံက လွဲလို့အခြားမရှိတဲ့ အကြောင်းတင်ပြရင်း နိဂုံးချုပ် ပါတယ်။